Message Three

## ဘုရားသခင်၏ယဇ်ပလ္လင် - မီးရှို့ရာပူဇော်သက္ကာယဇ်ပလ္လင်ကို ပြန်လည်တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဝတ်၊ ၁း၃-၁၁၊ ၁၃-၁၄၊ ၁၇။ ၆း၉၊ ၁၂က၊ ၁၃။ စာရင်း၊ ၂၈း၂။
ဧဇ၊ ၁း၂-၃၊ ၅။ ၃း၂-၃၊ ၆က။ ဆာ၊ ၄၃း၄က။ ဧ၊ ၅း၂။ ရော၊ ၁၂း၁

**I. "သူတို့သည် ဘုရားသခင်၏လူ မောရှေရေးထားသော ပညတ္တိကျမ်းစာ၌ ပါသည်အတိုင်း၊ မီးရှို့ရာပူဇော်သက္ကာတို့ကို ပူဇော်လိုသောငှာ၊ အစ္စရေးအမျိုး၏ ဘုရားသခင့် ယဇ်ပလ္လင်ကို တည်ကြ၏" - ဧဇ၊ ၃း၂ခ။**

A. အိမ်တော်ကို ပြန်လည်ရယူခြင်းအတွက် ကျွန်ုပ်တို့သည် ယဇ်ပလ္လင်ကို ပြန်လည်ရယူခြင်းလိုအပ်သည် - ၁း၂-၃၊ ၅။ ၃း၂-၃။
  1. အသင်းတော်အသက်တာအတွက် ပထမဆုံး ပြန်လည်ရယူရမည့်အရာမှာ ယဇ်ပလ္လင်ဖြစ်သည် - ရော၊ ၁၂း၁။
     a. ကျွန်ုပ်တို့၌ အသင်းတော်အသက်တာ မရရှိနိုင်မီ၊ အရာခပ်သိမ်းကို ယဇ်ပလ္လင်ပေါ်တွင် တင်ထားရမည်ဖြစ်သည် - ဆာ၊ ၄၃း၄က။
     b. ကျွန်ုပ်တို့၌ရှိသမျှအားလုံး၊ ကျွန်ုပ်တို့ဖြစ်သမျှအားလုံး၊ ကျွန်ုပ်တို့လုပ်နိုင်သမျှအားလုံးတို့ကို ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ယဇ်ပလ္လင်ပေါ်တွင် တင်ထားရမည်။ ဤအရာသည် အသင်းတော်အသက်တာ၏ အစပြုခြင်းဖြစ်သည်။
  2. ပြဿနာမှာ ကျွန်ုပ်တို့သည် ဗာဗုလုန်မှ ယေရုရှလင်သို့ ပြန်လာခဲ့ကြပြီဖြစ်သော်လည်း၊ ယေရုရှလင်၌ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ပိုင်စိတ်ဝင်စားမှုအတွက် အရာများစွာတို့ကို ကိုင်စွဲထားကြဆဲပင်ဖြစ်သည်။ ကျွန်ုပ်တို့က ဘုရားသခင်၏စိတ်ဝင်စားမှုနှင့် ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် အရာခပ်သိမ်းကို ယဇ်ပလ္လင်အပေါ် မပူဇော်ဘဲ ရှိကောင်းရှိမည် - ရော၊ ၁၂း၁။
     a. ကျွန်ုပ်တို့သည် ယေရုရှလင်သို့ ပြန်လာခဲ့ကြသော်လည်း၊ ဗာဗုလုန်၌ရှိခဲ့စဉ်ကကဲ့သို့ ကျွန်ုပ်တို့၏အသက်တာကို စောင့်ထိန်းထားခြင်း မပြုသင့်ပေ။
     b. ယေရုရှလင်၌ အသက်တာသည် သခင်ဘုရား၏စိတ်ဝင်စားမှုအတွက်သာ အကြွင်းမဲ့ ဖြစ်ရမည်။

B. မီးရှို့ရာပူဇော်သက္ကာယဇ်ပလ္လင်သည် ခရစ်တော်၏ကားတိုင်ကို ပုံဆောင်သည် - ထွ၊ ၂၇း၁။ ၄၀း၆။ ဟေဗြဲ၊ ၁၃း၁၀။
  1. ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်က ကျွန်ုပ်တို့အား ပုဂ္ဂိုလ်တစ်ဦး - ခရစ်တော်နှင့် လမ်းတစ်လမ်း - ကားတိုင်ကို ပေးထားသည် - ၁ကော၊ ၂း၂။
     a. ကားတိုင်သည် ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင့်ပြုပြင်လုပ်ဆောင်ခြင်း၏အလယ်ဗဟိုဖြစ်သည် - ဂလ၊ ၁း၄။ ၂း၁၉-၂၁။ ၃း၁၊ ၁၃။ ၅း၂၄။ ၆း၁၄။
     b. ဘုရားသခင်က အရာခပ်သိမ်းကို ကားတိုင်အားဖြင့် အုပ်စိုးပြီး၊ ကားတိုင်အားဖြင့် အရာခပ်သိမ်းကို ဆက်ဆံဖြေရှင်းတော်မူသည် - ကော၊ ၁း၂၀-၂၂။ ၂း၁၁-၁၅။
  2. ကားတိုင်သည် ဝိညာဉ်ရေးရာအတွေ့အကြုံများအားလုံး၏ အခြေခံ၊ အခြေပြုနေရာဖြစ်သည်။ ဝိညာဉ်ရေးရာအတွေ့အကြုံအားလုံးသည် ကားတိုင်မှ အစပြုသည် - ဂလ၊ ၂း၂၀။ ၆း၁၄။ ၁ကော၊ ၂း၂။
     a. ဝိညာဉ်ရေးရာ တိုးတက်မှုရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် နေ့စဉ် ကားတိုင်ကို ဖြတ်ကျော်ရန် လိုအပ်သည် - မ၊ ၁၀း၃၈။ ၁၆း၂၄။ လု၊ ၁၄း၂၇။
     b. ကျွန်ုပ်တို့၌ မှန်ကန်သင့်လျော်သည့် အသင်းတော်အသက်တာ ရရှိလိုလျှင် ကျွန်ုပ်တို့သည် ကားတိုင်ကို တွေ့ကြုံခံစားရန် လိုအပ်သည် - ဧ၊ ၂း၁၄-၁၆။
     c. ကားတိုင်မှတစ်ဆင့် ကျွန်ုပ်တို့သည် ဗလာနတ္တိဖြစ်လာရန်၊ ဘာမျှမရှိရန်၊ ဘာမျှမလုပ်ဆောင်နိုင်ရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက၊ ကျွန်ုပ်တို့ဖြစ်သမျှ၊ ကျွန်ုပ်တို့၌ရှိသမျှ၊ ကျွန်ုပ်တို့လုပ်နိုင်သမျှသည် ခရစ်တော်ကို အစားထိုးခြင်းဖြစ်လာလိမ့်မည် - ၁ကော၊ ၁း၁၇-၁၈၊ ၂၃။

**II. "ပထမနေ့မှစ၍ မီးရှို့ရာ ပူဇော်သက္ကာတို့ကို ယေဟောဝါအား ပူဇော်ကြ၏" - ဧဇ၊ ၃း၆က။**

A. မီးရှို့ရာပူဇော်သက္ကာမှာ ခရစ်တော်သည် ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်ခြင်းကို ပုံဆောင်သည် - ဝတ်၊၁း၃-၉။
   1. ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် လုံးလုံးလျားလျားဖြစ်သော မီးရှို့ရာပူဇော်သက္ကာသည် ဘုရားသခင်၏ အားရနှစ်သက်ရာနှင့် ကျေနပ်နှစ်သိမ့်ရာဖြစ်သည့် ခရစ်တော်ကို ပုံဆောင်သည် - ဧ၊၅း၂။
   2. မီးရှို့ရာပူဇော်သက္ကာမှာ ခရစ်တော်ကို ဘုရားသခင်အဖို့ စုံလင်သော၊ အကြွင်းမဲ့ဖြစ်သော အသက်တာကို အသက်ရှင်ခြင်း၌သာမက၊ ကိုယ်တော်က ဘုရား၏လူများအား ထိုသို့သောအသက်ရှင်ခြင်းကို ရရှိစေနိုင်သည့် အသက်တာဖြစ်ခြင်း၌လည်း ပုံဆောင်ခြင်းဖြစ်သည် - ယော၊၅း၁၉၊ ၃၀။ ၆း၃၈။ ၇း၁၈။ ၈း၂၉။ ၁၄း၂၄။ ၂ကော၊၅း၁၅။ ဂလ၊၂း၁၉-၂၁။
   3. မီးရှို့ရာပူဇော်သက္ကာသည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ကြသည်။ ထို့ကြောင့် မီးရှို့ရာပူဇော်သက္ကာသည် ခရစ်တော်နှင့် ကျွန်ုပ်တို့ တစ်လုံးတစ်ဝဖြစ်ခြင်းလည်းဖြစ်သည် - ၁ကော၊ ၆း၁၇။

B. မီးရှို့ရာပူဇော်သက္ကာသည် ဘုရားသခင်က မွေ့လျော်ဝမ်းမြောက်၍ ကျေနပ်နှစ်သိမ့်ခြင်းရှိနိုင်ရာ ဘုရားသခင်၏အစာဖြစ်သည် - တောရင်း၊၂၈း၂။
   1. ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်သော်လည်း၊ ကိုယ်တော်သည် မိမိစားသုံးဖို့ တစ်စုံတစ်ရာကို မိမိကိုယ်တိုင် မပေးနိုင်ပါ။ ကိုယ်တော်၏အစာသည် ကိုယ်တော်၏လူများထံမှ လာခြင်းဖြစ်သည် - အငယ်၊၂။
   2. ခရစ်တော်သည် ဘုရားသခင်၏အစာဖြစ်သည်၊ သို့သော် ကိုယ်တော်သည် တိုက်ရိုက်နည်းဖြင့် ဘုရားသခင်၏အစာဖြစ်ခြင်းမဟုတ်ပါ။ ထိုအစား ခရစ်တော်သည် ဘုရားသခင်ထံသို့ ကျွန်ုပ်တို့က အစေခံပေးသည့် ဘုရားသခင်၏အစာဖြစ်သည်။

C. ဟေဗြဲစကားလုံးတွင် “မီးရှို့ရာပူဇော်သက္ကာ”ဟူသည်မှာ တိုက်ရိုက်အနက်အားဖြင့် “အထက်သို့တက်သွားသောအရာ”ဟု ဆိုလိုပြီး၊ ဘုရားသခင်ထံသို့ တက်သွားသော တစ်စုံတစ်ရာကို ရည်ညွှန်းသည်။ ဤတက်သွားခြင်းမှာ ခရစ်တော်ကို ရည်ညွှန်းသည် - ဝတ်၊၁း၃၊ ၁၀၊ ၁၄။
   1. မြေကြီးမှ ဘုရားသခင်ထံသို့ တက်သွားနိုင်သော တစ်ခုတည်းသောအရာမှာ ခရစ်တော်အသက်ရှင်ခဲ့သည့် အသက်သာဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင်အတွက် အကြွင်းမဲ့ဖြစ်သော အသက်တာကို အသက်ရှင်သည့် တုနှိုင်းရာမဲ့ပုဂ္ဂိုလ်ပင်ဖြစ်သည် - ယော၊၃း၃၈။
      a. ကျွန်ုပ်တို့၏မီးရှို့ရာပူဇော်သက္ကာအဖြစ် ခရစ်တော်သည် ဘုရားသခင်အတွက် လုံးလုံးလျားလျားဖြစ်ပြီး၊ ဘုရားသခင်အတွက်သာ အကြွင်းမဲ့ဖြစ်တော်မူသည် - ၄း၃၄။ ၅း၃၀။ ဟေဗြဲ၊၁၀း၈-၁၀။
      b. သခင်ယေရှုဖြစ်တော်မူသမျှ၊ ကိုယ်တော်မိန့်တော်မူသမျှ၊ ကိုယ်တော်ပြုတော်မူသမျှသည် ဘုရားသခင်အတွက် အကြွင်းမဲ့ဖြစ်တော်မူသည် - ယော၊၆း၃၈။ ၅း၁၇၊ ၃၆၊ ၄၅။ ၈း၂၈။ ၁၀း၂၅။ ၁၂း၄၉-၅၀။
   2. မီးရှို့ရာပူဇော်သက္ကာဖြစ်သော ခရစ်တော်အပေါ် ကျွန်ုပ်တို့၏လက်များကိုတင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ထံ ပေါင်းစည်းဆက်နွယ်ကြသည် - ဝတ်၊၁း၄။ ၁ကော၊၆း၁၇။
   3. ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်နေသည်နှင့်အမျှ ကိုယ်တော်သည် မြေကြီးပေါ်ကိုယ်တော်အသက်ရှင်ခဲ့သည့် အသက်တာ၊ မီးရှို့ရာပူဇော်သက္ကာ၏အသက်တာကို ကျွန်ုပ်တို့၌ ထပ်ကျော့ပေးနေသည် - ဂလ၊၂း၂၀။

D. မီးရှို့ရာပူဇော်သက္ကာသည် “ယေဟောဝါအား ကျေနပ်စေသော အမွှေးအကြိုင်”ဖြစ်သည် - ဝတ်၊၁း၉၊ ၁၃၊ ၁၇။
   1. “ကျေနပ်စေသော အမွှေးအကြိုင်”ဟု ပြန်ဆိုထားသော ဟေဗြဲစကားလုံးမှာ တိုက်ရိုက်အနက်ဖြင့် “နားခိုခြင်း သို့မဟုတ် ကျေနပ်နှစ်သိမ့်ခြင်း အနှစ်အရသာ”ဟု ဆိုလိုသည် - အငယ်၊၉။
   2. ကျေနပ်စေသောအမွှေးအကြိုင်သည် ကျေနပ်နှစ်သိမ့်ခြင်း၊ ငြိမ်သက်ခြင်းနှင့် နားခိုခြင်းကို ယူဆောင်လာသည့် အနှစ်အရသာဖြစ်သည်။ ထိုသို့ ကျေနပ်စေသည့်အမွှေးအကြိုင်သည် ဘုရားသခင်အဖို့ မွေ့လျော်ဝမ်းမြောက်ရာဖြစ်သည်။
   3. ခရစ်တော်သည် ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် အကြွင်းမဲ့ဖြစ်သော အသက်တာကို အသက်ရှင်ခဲ့သောကြောင့်၊ သူ၏အသက်ရှင်ခြင်းသည် ကိုယ်တော်၏ကောင်းသော ကျေနပ်အားရရာနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် ဘုရားသခင်ထံသို့ တက်သွားသော ကျေနပ်စေသော အမွှေးအကြိုင်၊ ချိုမြိန်သော အနှစ်အရသာဖြစ်သည် - ဧ၊၅း၂။

**III. ဝတ်ပြုရာကျမ်း၌ ပထမဆုံးဖော်ပြသည့် ပူဇော်သက္ကာမှာ အပြစ်ဖြေရာပူဇော်သက္ကာ သို့မဟုတ် လွန်ကျူးရာပူဇော်သက္ကာ မဟုတ်ဘဲ၊ မီးရှို့ရာပူဇော်သက္ကာဖြစ်သည် - ၁း၃။**

A. ကျွန်ုပ်တို့သည် ခရစ်တော်ကို ရှေ့ဦးစွာ ကျွန်ုပ်တို့၏ မီးရှို့ရာပူဇော်သက္ကာအဖြစ် လိုအပ်သည်၊ အကြောင်းမှာ ဘုရားသခင့် ရှေ့တော်၌ ကျွန်ုပ်တို့၏ ပထမဆုံး အခြေအနေ၊ ဘုရားသခင်နှင့်ဆက်နွယ်၍ ကျွန်ုပ်တို့၏ ပထမဆုံး ပြဿနာမှာ လွန်ကျူးခြင်းအကြောင်းအရာမဟုတ်ဘဲ၊ ဘုရားသခင်အတွက်မဖြစ်ခြင်း အကြောင်းအရာဖြစ်သည်။

1. ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏ထင်ရှားခြင်းနှင့် ကိုယ်တော်၏ကိုယ်စားပြုခြင်းဖြစ်စေရန် ဖန်ဆင်းတော်မူခဲ့သည် - က၊၁း၂၆။

2. ဘုရားသခင်က ကျွန်ုပ်တို့အား ကိုယ်တော်အတွက် ဖြစ်စေရန် ဖန်ဆင်းခဲ့သည်။ ကျွန်ုပ်တို့အား ကျွန်ုပ်တို့ကိုယ်တိုင်အဖို့ ဖန်ဆင်းခြင်းမဟုတ်ပါ၊ သို့သော် ကျဆင်းသောလူသားဖြစ်ခြင်းအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် မဟုတ်ဘဲ ကျွန်ုပ်တို့ကိုယ်တိုင်အဖို့ အသက်ရှင်နေကြသည်။

B. မီးရှို့ရာပူဇော်သက္ကာမှာ ကိုယ်တော်ကို ထင်ရှားခြင်းနှင့် ကိုယ်စားပြုခြင်း ရည်ရွယ်ချက်အတွက် ဘုရားသခင်အားဖြင့် ဖန်ဆင်းခံရသောသူအနေဖြင့် ကျွန်ုပ်တို့သည် အခြားအတွက်မဟုတ်ဘဲ၊ ဘုရားသခင်အတွက် ဖြစ်ကြရမည် - အငယ်၊၂၇-၂၈။ ညွှန်း၊ ဆာ၊၇၃း၂၅။ မာ၊၁၂း၃၀။

C. ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် လုံးလုံးအကြွင်းမဲ့ မဖြစ်ကြကြောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်၌ အကြွင်းမဲ့ဖြစ်နိုင်ခြင်းမရှိကြောင်း သိနားလည်ရန် လိုအပ်သည်။ ထို့ကြောင့် ခရစ်တော်ကို ကျွန်ုပ်တို့၏မီးရှို့ရာပူဇော်သက္ကာအဖြစ် ယူဆောင်ရန် လိုအပ်သည် - ဝတ်၊၁း၃-၄။

**IV. စဉ်ဆက်မပြတ်ဖြစ်သော မီးရှို့ရာပူဇော်သက္ကာအသက်တာကို အသက်ရှင်ခြင်းမှာ အသက်ရှင်သောယဇ်ဖြစ်ခြင်း ဖြစ်သည် - ရော၊၁၂း၁။**

A. မီးရှို့ရာပူဇော်သက္ကာသည် ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံခြင်း၊ ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်ထံသို့ အသက်ရှင်သောယဇ်အဖြစ် ပူဇော်ခြင်း ပုံဆောင်ချက်ဖြစ်သည်။ ဆက်ကပ်အပ်နှံခြင်း၏ အဓိပ္ပာယ်မှာ ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်ထံသို့ အသက်ရှင်သောယဇ်အဖြစ် ပူဇော်ခြင်းဖြစ်သည် - ဝတ်၊၁း၃-၄၊ ၈-၉။ ၆း၉၊ ၁၂က၊ ၁၃။ ရော၊၁၂း၁။

B. ဓမ္မဟောင်းရှိ နေ့စဉ် မီးရှို့ရာပူဇော်သက္ကာသည် ဓမ္မသစ်၌ ဘုရားသခင်ပိုင်ဆိုင်ခံရသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်ထံ နေ့စဉ် ပူဇော်သင့်ကြောင်း ပုံဆောင်သည် - စာရင်း၊၂၈း၃-၈။

C. ယနေ့ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာ၌ စဉ်ဆက်မပြတ်ဖြစ်သော မီးရှို့ရာပူဇော်သက္ကာကို လိုအပ်လျက်ရှိသည် - ဝတ်၊၁း၃-၄၊ ၈-၉။ ၆း၉၊ ၁၂က၊ ၁၃။

**V. ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားသခင်အား ကိုယ်တော်၏အလိုတော် ပြည့်စုံစေရန် ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ရာအတွက် မီးရှို့ရာပူဇော်သက္ကာအဖြစ် ခရစ်တော်နှင့်အတူ ကိုးကွယ်ရန် လိုအပ်သည် - ၁း၃၊ ၉ခ။ စာရင်း၊၂၈း၂။ ယော၊၄း၂၃-၂၄။**

A. ဘုရားသခင်က ကျွန်ုပ်တို့အား ပူဇော်သက္ကာများအားလုံး၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော်ဖြင့် ကိုယ်တော်ကို ကိုးကွယ်စေရန် အလိုရှိသည်။ ပူဇော်သက္ကာများသည် ဘုရားသခင်ကို ကျေနပ်စေရန်နှင့် ကိုယ်တော်ကို ပျော်ရွှင်စေရန်ဖြစ်သည် - အငယ်၊၂၃-၂၄။

B. မှန်ကန်သင့်လျော်သည့် ကိုးကွယ်ခြင်းမှာ မီးရှို့ရာပူဇော်သက္ကာဖြစ်သော ခရစ်တော်ဖြင့် ဘုရားသခင်ကို ကျေနပ်စေခြင်း အကြောင်းအရာဖြစ်သည် - ၁ပေ၊၂း၅။ ယော၊၄း၂၄။ ၅း၃၀။ ၈း၂၉။

1. ကျွန်ုပ်တို့သည် မီးရှို့ရာပူဇော်သက္ကာ၏ စစ်မှန်ခြင်းအဖြစ် ခရစ်တော်ဖြင့် ခမည်းတော်ကို ကိုးကွယ်သောအခါ၊ ဘုရားသခင်ထံ ကောင်းသောကျေနပ်အားရရာ အမွှေးအကြိုင်သည် ကိုယ်တော်ကျေနပ်နှစ်သိမ့်ခြင်းအတွက် ကိုယ်တော်ထံသို့ တက်သွားလိမ့်မည်ဖြစ်သည် - ဝတ်၊၁း၉။ ယော၊၄း၂၃-၂၄။

2. ဘုရားသခင်သည် မီးရှို့ရာပူဇော်သက္ကာ၏ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်ကို ကိုယ်တော်ထံ ကျွန်ုပ်တို့ပူဇော်ခြင်းဖြင့် ကျေနပ်အားရသောကြောင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ချိုမြိန်စွာ လက်ခံတော်မူလိမ့်မည်။ ဤသည်မှာ မီးရှို့ရာပူဇော်သက္ကာ၏ ပုံဆောင်ချက်ဖြစ်သည် - စာရင်း၊၂၈း၂။

*© 2022 Living Stream Ministry*